ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၈ ၂၀၁၈ ခုနှစ် ၊ မေလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၂၈) ကြိမ်မြောက် စုပေါင်းရဟန်းခံ ၊ ရှင်ပြု ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၂၈) ကြိမ်မြောက် စုပေါင်း ရဟန်းခံ ၊ ရှင်ပြု ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ၂၀၁၈ ခုနှစ် ၊ ဧပြီလ (၁၁) ရက်နေ့ နံနက် (၀၉:၃၀) နာရီအချိန်တွင် မင်္ဂလာဒုံမြို့နယ် ၊ ပုလဲမြို့သစ်ရှိ ရွှေကြာညိုကန်သာမဏေကျော် စာသင်တိုက်၌ ကျင်းပပြုလုပ်ရာ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် ဇနီး ဒေါ်တင်တင်ကို ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ ၊ ညွှန်ကြားရေးမှူးများ နှင့်ဇနီးများ ၊ အရာထမ်း အမှုထမ်းများ ၊ မိသားစုဝင်များနှင့် သားသမီးများ နှင့် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းဟောင်းများ စုံလင်စွာတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်မှူး ၊ စာရေး၊ အကောက်ခွန်ထိန်း ၊ ယာဉ်မောင်း နှင့် သဘော်သားအကူ သင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



၂၀၁၈ ခုနှစ် ၊ ဧပြီလ (၄) ရက်နေ့ နံနက် (၈:၃၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမတွင် အကောက်ခွန်မှူး ၊ စာရေး၊ အကောက်ခွန်ထိန်း ၊ ယာဉ်မောင်း နှင့် သဘော်သားအကူ သင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် သင်တန်းသား စုစုပေါင်း(၂၀၀) ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၈) ပတ်ကြာမြင့်မည် ဖြစ်ပါသည်။

# National Single Window (NSW) လုပ်ငန်းများ တိုးတက်မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက်ခြင်း




၂၀၁၈ ခုနှစ် ၊ ဧပြီလ (၃) ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ Park Royal Hotel, Padamyar Meeting Room (၅) တွင် National Single Window (NSW) လုပ်ငန်းများ တိုးတက်မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများ၊ JICA မှ တာဝန်ရှိသူများ၊ US-AID ၊ US-ACTI ၊ World Bank နှင့် EU-GIZ မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# ဝန်ထမ်းထုလစဉ် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ၊ ဧပြီလ (၅) ရက်နေ့ နံနက် (၈:၀၀) အချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဖေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၉၂၇.၀၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီလ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၂၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၉၂၇.၀၈၄) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်






လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၆) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၇၈.၀၇၅) သန်းခန့်ရှိသည့်အနက် ၃-၄-၂၀၁၈ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ OD-550,552 / SF-4378,4474 ဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော E Liquid 15 Items , 4 Pkgs , (305) Nos ၊ ခန့်မှန်းတန်ဖိုးကျပ် (၃) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၉၂၇.၀၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း







ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၃၆.၃၇၂) သန်းခန့်ရှိသည့်အနက် HPT ဆိပ်ကမ်းတွင် Pro Mart Co., Ltd မှ ID No-100059137031 (27-2-2018) CTNR No- TEMU -8172090 , TGHU – 6831420 (2 x 40') တင်သွင်းလာသည့် Natural Mineral Water (Nonghyup Brand) (50 ml/2Liter/Plastic Bottle) (40000 Liter), C/O- Korea အားဖွင့်ဖောက်စစ်ဆေးခဲ့ရာ VPA (၆၁) ရက် ကျော်လွန်သဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၄၈.၉၁၆) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၉၂၇.၀၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း







နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၀၆) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၇၁၂.၆၃၇) သန်းခန့်ရှိသည့်အနက် ၂၀-၄-၂၀၁၈ ရက်နေ့၌ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် Toyota Vigo Hilux အမျိုးအစားယာဉ် (၁) စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏အနောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ခဲ့ခြမ်း ဆိုဒ်စုံ (275) Kg ၊ ကျောက်တုံးဆိုဒ်စုံ (405) Kg ၊ ကျောက်ပုတီးစေ့ (75) Kg နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၂.၄၆၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၉၂၇.၀၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၂-၄-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့ နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် HINNO (၁၂) ဘီး ယာဉ် (၁) စီး၊ ခရီးသည်တင်ယာဉ် (၁) စီး၊ HONDA ODYSSEY ယာဉ် (၂) စီး နှင့် TOYOTA SUCCED ယာဉ် (၁) စီး တို့အား စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော Ammonium Nitrate စာတန်းပါ (၄၀) ကီလိုဂရမ် x (၂၈၀) အိတ်၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး (၁၄၇၈) ကီလိုဂရမ်၊ ပိတောက်ခါးရွှေ (၆၉) တုံး၊ (၂.၂၇၈၄) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၅) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၉.၆၃၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဧပြီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၉၂၇.၀၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၆-၄-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော ကျိုက်ထို-ကျိုက္ကသာ ရှောင်ကွင်းလမ်း၌ စစ်ဆေးမှုများ ဆောင်ရွက်စဉ် HYUNDAI STAREX ယာဉ် (၃) စီးအားတွေ့ရှိ၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ HARLEY DAVIDSON USA မော်တော် ဆိုင်ကယ် (၃) စီး ၊ HONDA LEAD မော်တော်ဆိုင်ကယ် (၁) စီး၊ HONDA မော်တော် ဆိုင်ကယ် (၁) စီး၊ HONDA CB မော်တော်ဆိုင်ကယ် (၂) စီး၊ HONDA SCOOPY မော်တော်ဆိုင်ကယ် (၃) စီး ၊ YAMAHA မော်တော်ဆိုင်ကယ် (၁) စီး ၊ BMW မော်တော်ဆိုင်ကယ် (၃) စီး ၊ စုစုပေါင်း မော်တော်ဆိုင်ကယ် (၁၄) စီးနှင့် သယ်ဆောင်သည့်ယာဉ် (၃) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၅.၁) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ပြေးအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၇ မှု | ၇ မှု | ၇၀.၂၄၉ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၁ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၈ မှု | ၈ မှု | ၂၁.၇၆၀ သန်း |
| | စုစုပေါင်း | - | ၁၆ မှု | ၁၆ မှု | ၉၃.၁၀၉ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၀-၄-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၉၃.၁၀၉) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား (၆-၄-၂၀၁၈) ရက်နေ့တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော တင်ဒါရောင်းချရေးအဖွဲ့ဖြင့် တင်ဒါအုပ်စု (၂) စု အားဈေးပြိုင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၁၇.၀၅၀) သန်းရရှိခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Printer Parts များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို HS Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8443.99.90 ဖြစ်ပြီး အကောက်ခွန် 1%၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Automatic Block Making Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8474.80.10 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Hair Lacquers များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 3309.30.00 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Plastic Kitchenware များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 3924.10.00 ဖြစ်ပြီး အကောက်ခွန် 5 % ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေ ခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Polyester အသားဖြင့်ပြုလုပ်ထားသော တံဆိပ်များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 5807.10.00 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။







Empty Bottles Caps များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင် မလိုအပ်ကြောင်း Aluminium Caps ၏ HS Code မှာ 8309.90.81 ဖြစ်ပြီး အကောက်ခွန် 7.5 % ၊ Plastic Caps ၏ HS Code မှာ 3923.50.00 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2%ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

ပရိဘောဂပစ္စည်းများ တင်ပို့လိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 9401.00.00 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။





အိန္ဒိယနိုင်ငံထုတ် Cotton ပိတ်စများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 5209.90.00 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။